# ဒုက္ခသည်စခန်းတွင် ခိုလှုံနေထိုင်စဉ် လိုက်နာရမည့် စည်းကမ်းချက်များ

ဒုက္ခသည်စခန်းတွင် သတ်မှတ်ထားသည့်နေရာ၌ လူအများစုအတူတကွ နေထိုင်စားသောက်ရမည်ဖြစ်သည်။ ဂျပန်နိုင်ငံသားဖြစ်စေ၊ နိုင်ငံခြားသားဖြစ်စေ သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်း၊ အပြုအမူများကိုလိုက်နာပြီး အပြန်အလှန် ကူညီရိုင်းပင်းကာ နေထိုင်စားသောက်ကြရမည်။

| | |
|---|---|
| ဒုက္ခသည်စခန်း ဆိုသည်မှာ | သဘာဝဘေးအန္တရာယ်ကြောင့် အိုးအိမ်အစရှိသည်များ ပျက်စီးဆုံးရှုံး၍ မိမိအိုးအိမ်တွင်နေထိုင်စားသောက်ရန်အခက်အခဲရှိသူများ ယာယီနေထိုင်စားသောက်နိုင်ရန်ပြုလုပ်ထားသောနေရာဖြစ်သည်။ |
| ဒုက္ခသည်စခန်း စီမံခန့်ခွဲမှုနှင့်စပ်လျဉ်း၍ | မြို့တော်ကောင်စီအစရှိသည့် ဒေသခံပြည်သူများအဓိကထားဖွဲ့စည်းထားသည့် ဒုက္ခသည်စခန်း စီမံခန့်ခွဲရေးအဖွဲ့မှ ဒုက္ခသည်စခန်းဖွင့်လှစ်ခြင်းနှင့် စီမံခန့်ခွဲခြင်းများကို လုပ်ဆောင်သွားမည်။ ပြည်သူအားလုံး အဆိုပါအဖွဲ့အစည်း၏ လှုပ်ရှားမှုများတွင်ပူးပေါင်းပါဝင်ပြီး စီမံခန့်ခွဲမှုများတွင်လည်း အားသွန်ခွန်စိုက်ပါဝင်ပေးစေလိုပါသည်။ |
| ဒုက္ခသည်စခန်းတွင် နေထိုင်စဉ် လိုက်နာရမည့် အခြေခံစည်းမျဉ်း စည်းကမ်းနှင့် အပြုအမူများ | အပြန်အလှန်ကူညီရိုင်းပင်းလိုသည့် စိတ်ဓာတ်ထားရှိရန်။ |
| | သဟဇာတဖြစ်စွာ နေထိုင်စားသောက်နိုင်ပြီး ချမှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများကို လိုက်နာရန်။ |
| | သက်ကြီးရွယ်အိုများ၊ ခန္ဓာကိုယ်မသန်စွမ်းသူများ၊ နို့စို့အရွယ်ကလေးရှိသူများကို ကူညီစောင့်ရှောက်ပေးရန်။ |
| | နာမကျန်းဖြစ်သည့်အချိန်တွင် ချက်ချင်းအကြောင်းကြားရန်။ တစ်ဖန်နာမကျန်းဖြစ်နေသည့်သူများ ကိုတွေ့ရှိပါက ဒုက္ခသည်စခန်းစီမံခန့်ခွဲရေးအဖွဲ့သို့ ချက်ချင်းအကြောင်းကြားရန်။ |
| | ပြတင်းပေါက်မှန်ကွဲ အစရှိသည့် အန္တရာယ်ရှိသောပစ္စည်းများ ပြန့်ကျဲနေသည့်အခန်းနှင့် ”ဝင်ခွင့်မရှိ” ဟုရေးသားထားသည့် အခန်းများသို့ဝင်ရောက်ခြင်းမပြုရန်။ |
| | နိုင်ငံခြားသားများသည် ဘာသာစကားတူညီသည့် ခိုလှုံသူများရှိလျှင်အားသွန်ခွန်စိုက် သတင်းအချက်လက်များကိုမျှဝေပေးရန်။ |
| | ထို့အပြင် နားမလည်သည့် အကြောင်းအရာများရှိလျှင် ဒုက္ခသည်စခန်း စီမံခန့်ခွဲရေးအဖွဲ့နှင့် ဆွေးနွေးတိုင်ပင်ရန်။ |
| အစားအသောက်နှင့် ပစ္စည်းများ | အစားအသောက်ပေးဝေသည့်အချိန်တွင် အစဉ်လိုက်စောင့်ဆိုင်းရန်။ |
| | အစားအသောက်မလုံလောက်သည့် အခြေအနေတွင် နို့တိုက်ကလေး၊ ကလေးငယ်၊ ကိုယ်ဝန်ဆောင်သည်နှင့်မသန်မစွမ်းသူများကို ဦးစားပေးဝေငှသွားမည်ဖြစ်သောကြောင့် ပူးပေါင်းဆောင်ရွက် ပေးပါရန်။ |
| | အစားအသောက်များကို အချိန်သတ်မှတ်၍ ပေးဝေသွားမည်။ ပေးဝေသည့်အချိန်တွင် ဒုက္ခသည်စခန်း မှတ်ပုံတင်ကတ်ပြားပြသရန်လိုအပ်သည်။ |
| | ကလေးအစားအစာ၊ နို့မှုန့်၊ ဆန်ပြုတ်၊ ကလေးသေးခံအစရှိသည်တို့ကို လိုအပ်သူများရှိပါကပေးဝေမည်ဖြစ်သောကြောင့် ဒုက္ခသည်စခန်းစီမံခန့်ခွဲရေးအဖွဲ့သို့ ဆွေးနွေးအကြောင်းကြားရန်။ |

| | |
|---|---|
| နေရာထိုင်ခင်း အသုံးပြုမှု | နေထိုင်ရန်နေရာကို အိမ်ထောင်စုအရေအတွက်၊ မြို့တော်ကောင်စီအရေအတွက် အစရှိသည် တို့ဖြင့် ပိုင်းခြားအသုံးပြုသွားမည်။ |
| | အပြင်မှဒုက္ခသည်စခန်းသို့ ပြန်လာသည့်အချိန်တွင် ဖိနပ်မှ ရွှံ့အစရှိသည့် အညစ်အကြေးများကို စင်ကြယ်အောင်ပြုလုပ်ရမည်။ တစ်ဖန်နေထိုင်စားသောက်မည့်နေရာ သန့်ရှင်းစင်ကြယ်မှုရှိစေရန် အတွက် ဖိနပ်ကိုချွတ်ရမည်။ |
| | ညပိုင်းတွင် အခြားအိပ်စက်နေသူများ အနှောင့်အယှက်မဖြစ်အောင် ဂရုစိုက်ရမည်။ |
| အိမ်မွေးတိရိစ္ဆာန်နှင့် စပ်လျဉ်း၍ | ခွေး၊ ကြောင်အစရှိသည့်အိမ်မွေးတိရိစ္ဆာန်များကို အခန်းတွင်းသို့ခေါ်ဆောင်ခြင်းမပြုရ။ ဒုက္ခသည်စခန်း စီမံခန့်ခွဲရေးအဖွဲ့က သတ်မှတ်ပေးထားသည့် နေရာတွင်သာပိုင်ရှင်ကမွေးမြူရမည်။ |
| ကိုယ်ရေးကိုယ်တာထိန်း သိမ်းစောင့်ရှောက်မှုနှင့်စပ်လျဉ်း၍ | ကိုယ်ရေးကိုယ်တာ ထိန်းသိမ်းစောင့်ရှောက်မှုကိုအလေးထားပြီး အခြားသူများ၏နေရာသို့မဆင်မခြင်ဝင်ရောက်ခြင်းမျိုးမပြုလုပ်ရန်။ |
| သန့်ရှင်းရေး | ဒုက္ခသည်စခန်းတွင်း သန့်ရှင်းစင်ကြယ်မှုကိုထိန်းသိမ်းပြီး အားလုံးစုပေါင်းကာသန့်ရှင်းရေးပြုလုပ်ရန်။ |
| | ဒုက္ခသည်စခန်းတွင်းမှ အမှိုက်များကို သတ်မှတ်ထားသည့်နေရာတွင် စနစ်တကျ စွန့်ပစ်ရန်။ |
| အိမ်သာ | ဘေးအန္တရာယ်သုံးယာယီအိမ်သာများကို အသုံးပြုပြီးလျှင် အိမ်သာကြွေခွက်ကို ရေဖြင့်ဆေးကြောခြင်းအစရှိသည့် သတ်မှတ်ထားသည့် နည်းလမ်းများအတိုင်းလိုက်နာပြီး၊ သန့်ရှင်းစင်ကြယ်သည့် ပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်ရန်။ |
| မီးဘေးအန္တရာယ် ကာကွယ်ရေး | နေထိုင်သည့်နေရာတွင် မီးအသုံးပြုမှုအပါအဝင် ဆေးလိပ်သောက်ခြင်းကိုပါ တားမြစ်ထားသည်။ ဆေးလိပ်သောက်သုံးလိုလျှင် သတ်မှတ်ထားသည့်နေရာသို့ သွားရောက်သောက်သုံးရမည်။ |
| ဖုန်းအသုံးပြုနှင့် ပတ်သက်၍ | အခြားခိုလှုံသူများကို အနှောင့်အယှက်မဖြစ်စေရန် လက်ကိုင်ဖုန်းအစရှိသည့် ဖုန်းပြောဆိုမှုများကို နေထိုင်သည့်ဧရိယာအတွင်း မပြုလုပ်ရန်။ |
| | နေထိုင်သည့်ဧရိယာတွင်းတွင် လက်ကိုင်ဖုန်းများကို Vibration mood ပြုလုပ်ထားရန်။ |
| | ဒုက္ခသည်စခန်းအတွင်းရှိ အများသုံးတယ်လီဖုန်း (၃ လုံးအနက် ၁ လုံးမှာ အပြည်ပြည် ဆိုင်ရာဖုန်းခေါ်ဆိုနိုင်) မှာအခမဲ့အသုံးပြုနိုင်သည်။ အခြားခိုလှုံသူများအတွက်ပါ စဉ်းစား၍အချိန်ကြာကြာဖုန်းပြောဆိုမှုမပြုလုပ်ရန်။ |
| ဒုက္ခသည်စခန်းပိတ်သိမ်းမှု | ဒုက္ခသည်စခန်းပိတ်သိမ်းချိန်တွင် ကြိုတင်၍အကြောင်းကြားပါမည်။ |
| အခြားအကြောင်းအရာများ | အခြားဒုက္ခသည်စခန်း၊ အိုးအိမ်၊ အသိမိတ်ဆွေ၏အိုးအိမ် အစရှိသည့်နေရာများသို့ ပြောင်းရွှေ့ချိန်တွင် ဒုက္ခသည်စခန်းစီမံခန့်ခွဲရေးအဖွဲ့သို့ သေချာပေါက် အကြောင်းကြားရန်။ |